

# သက်ကြီးစီနီယာများ နှင့် မသန်စွမ်းသူများအတွက် အာမခံအကျုံးဝင်လွှမ်းခြုံမှုဆိုင်ရာ ရွေးချယ်စရာများ

Apple Health (Medicaid) သည် အသက် 65 နှစ် သို့မဟုတ် အထက် ရှိသူများ၊ မျက်စိကွယ် သို့မဟုတ် မသန်စွမ်းသူများ၊ သို့မှမဟုတ် ရေရှည် ဝန်ဆောင်မှုများ နှင့် ပံ့ပိုးထောက်ပံ့မှုများ (LTSS) အား လိုအပ်လျက်ရှိသူများ အစရှိသည်တို့အတွက် အာမခံအကျုံးဝင်လွှမ်းခြုံမှုအား ကမ်းလှမ်းထောက်ပံ့ပေးလျက်ရှိသည်။

## အသက်ကြီးသူများ၊ မျက်စိကွယ်သူများ သို့မဟုတ် မသန်စွမ်းသူများ (ABD)

အကယ်၍ သင်သည် အသက် 65 နှစ် နှင့် အထက် ရှိသူ၊ မျက်စိကွယ်နေသူ သို့မဟုတ် မသန်စွမ်းသူဖြစ်ပြီး၊ ဝင်ငွေ နှင့် အရင်းအမြစ်ဆိုင်ရာ ကန့်သတ်ချက်များတို့ဖြင့် ပြည့်မီကိုက်ညီမှု ရှိပါလျှင် Washington Apple Health (Medicaid) အနေနှင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အာမခံအကျုံးဝင်လွှမ်းခြုံမှုအား ထောက်ပံ့ပေးကာ Medicare ပရီမီယံ ကြေးများ နှင့် ဆေးဘက်ဆိုင်ရာ အသုံးစရိတ်များတို့အတွက် ကူညီပေးချေကောင်း ပေးချေပေးနိုင်ပါသည်။

ဂေဟာစောင့်ရှောက်မှု အပါအဝင် အာမခံအကျုံးဝင်လွှမ်းခြုံမှုဆိုင်ရာ ရွေးချယ်စရာများနှင့်ပတ်သက်၍ နောက်ထပ်သော အချက်အလက်များ ရယူလိုပါက **hca.wa.gov/free-or-low-cost-health-care/i-need-medical-dental-or-vision-care/long-term-care-and-hospice** သို့ ဝင်ရောက်ကြည့်ရှုပါ။

### ABD အာမခံအကျုံးဝင်လွှမ်းခြုံမှုအား လျှောက်ထားခြင်း

- **အွန်လိုင်း**- **washingtonconnection.org** သို့ ဝင်ရောက်ကြည့်ရှုပါ။
- **စာရွက် လျှောက်လွှာ -** လျှောက်လွှာဖောင် **18-005** အား ပရင့်ထုတ်ပါ၊ ၎င်းအား **hca.wa.gov/classic-health-care-application** တွင် ရရှိနိုင်ပါသည်။
  - **စာတိုက် - DSHS Community Services Division,** P.O. Box 11699, Tacoma, WA 98411-6699.
- **လူကိုယ်တိုင်ဖြင့်** - သင့် အနီးရှိ ရပ်ရွာအဖွဲ့အစည်း ဝန်ဆောင်မှု ရုံးခန်းတစ်ခုသို့ သွားရောက်ပါ။ **dshs.wa.gov/office-locations** သို့ ဝင်ရောက်ကြည့်ရှုပါ။
- မေးခွန်းများ ရှိပါက DSHS အသုံးပြုသူ ဝန်ဆောင်မှုထံ 1-877-501-2233 သို့ ခေါ်ဆိုပါ။

## ရေရှည် ဝန်ဆောင်မှုများ နှင့် ပံ့ပိုးထောက်ပံ့မှုများ (LTSS)

အကယ်၍ အကဲဖြတ်စစ်ဆေးချက်တစ်ခုအပေါ် အခြေခံချက်အရ သင်သည် အချို့သော စံသတ်မှတ်ချက်များ ဖြင့် ပြည့်မီကိုက်ညီမှု ရှိခဲ့လျှင် Apple Health သည် သင့် နေအိမ်၊ ရပ်ရွာအဖွဲ့အစည်း လူနေ စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှု အဆောက်အအုံ၊ ပံ့ပိုးထောက်ပံ့ထားသော နေထိုင်မှုဆိုင်ရာ ဝန်ဆောင်မှု အဆောက်အအုံ၊ သက်ကြီး မိသားစု နေအိမ် သို့မဟုတ် သူနာပြုစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှု အဆောက်အအုံ အစရှိသည်တို့ရှိ ဝန်ဆောင်မှုများအတွက် ပေးချေပေးသည်။

ပိုမိုအသက်ရသော သက်ကြီးသူများအတွက် အံဝင်ခွင်ကျပြင်ဆင်ထားသော ပံ့ပိုးထောက်ပံ့မှု (TSOA) နှင့် Medicaid အခြားရွေးချယ်စရာ စောင့်ရှောက်မှု (MAC) တို့သည် လက်ရှိတွင် မိတ်ဆွေ သို့မဟုတ် မိသားစုဝင်တစ်ဦးအတွက် အခမဲ့ စောင့်ရှောက်မှုပေးလျက်ရှိသော စောင့်ရှောက်မှုပေးသူများအား ပံ့ပိုးထောက်ပံ့သည် LTSS ပရိုဂရမ်များ ဖြစ်ကြသည်။.

### LTSS အား လျှောက်ထားခြင်း

- **အွန်လိုင်း - washingtonconnection.org** သို့ ဝင်ရောက်ကြည့်ရှုပါ။
- **စာရွက် လျှောက်လွှာ** - လျှောက်လွှာဖောင် 18-005 အား ပရင့်ထုတ်ပါ၊ ၎င်းအား **hca.wa.gov/classic-health-care-application** တွင် ရရှိနိုင်ပါသည်။
- **လူကိုယ်တိုင်ဖြင့် -** သင့် အနီးရှိ နေအိမ် နှင့် ရပ်ရွာအဖွဲ့အစည်း ဝန်ဆောင်မှု ရုံးခန်းတစ်ခုသို့ သွားရောက်ပါ။ **dshs.wa.gov/office-locations** သို့ ဝင်ရောက်ကြည့်ရှုပါ။
- မေးခွန်းများ ရှိပါက သင်၏ ဒေသခံ နေအိမ် နှင့် ရပ်ရွာအဖွဲ့အစည်း ဝန်ဆောင်မှု ရုံးခန်းတစ်ခုသို့ သွားရောက်ပါ။ **dshs.wa.gov/office-locations** သို့ ဝင်ရောက်ကြည့်ရှုပါ။

**မှတ်ချက် -** ဤအစီအစဉ် ပရိုဂရမ်များအတွက် ဝင်ငွေ နှင့် အရင်းအမြစ်ဆိုင်ရာ ကန့်သတ်ချက်စည်းမျဉ်းများ သက်ရောက်မှုရှိသည်။

Washington Apple Health

Washington State Health Care Authority

HCA 19-032 BS (9/23) Burmese

## စကားပြော သို့မဟုတ် အကြားအာရုံ မသန်စွမ်းမှု၊ သို့မဟုတ် ရွေ့လျားနိုင်မှု ပြဿနာများ

သင့်တွင် စကားပြော သို့မဟုတ် အကြားအာရုံ ချို့ယွင်းခြင်း သို့မဟုတ် လှုပ်ရှားသွားလာမှုဆိုင်ရာ ပြဿနာရှိပါက သင်ချိန်းဆိုထားသည့်အချိန်တွင် ဆေးခန်းဝန်ထမ်းအား ပြောပြသင့်သည်။ သင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၏ ဆေးခန်းဝန်ထမ်းသည် သင့်အား လိုအပ်သည့် အစီအစဉ်များပြုလုပ်ရန် ကူညီပေးပါမည်။

## ဘာသာပြန်သူ ဝန်ဆောင်မှုများ

အကယ်၍ သင်သည် အင်္ဂလိပ်စကား ကောင်းစွာ မပြောတတ်ပါက သို့မဟုတ် သင် နားမကြား၊ နားမကြား မျက်မမြင် သို့မဟုတ် အကြားအာရုံ ခက်ခဲပါက၊ သင့်အတွက် အခကြေးငွေ မယူဘဲ လက်ဟန်ပြဘာသာစကား အပါအဝင် ဘာသာစကားများစွာဖြင့် ကျွမ်းကျင်သော စကားပြန်များကို ရရှိနိုင်ပါသည်။ သင်၏ချိန်းဆိုမှုကို အချိန်ဇယားဆွဲသည့်အခါ သင်သည် စကားပြန်တစ်ဦး လိုအပ်ကြောင်း ဆေးခန်းအား အသိပေးပါ။ နောက်ထပ်သော အချက်အလက်များအတွက် **hca.wa.gov/interpreter-services** တွင် လည်းပတ်ကြည့်ရှုပါ။

## သွားလာဆက်သွယ်ရေး ဝန်ဆောင်မှုများ

သင့်ကျန်းမာရေး စောင့်ရှောက်မှု ချိန်းဆိုချက်သို့ သွားရောက်နိုင်ရန် အခမဲ့ ကြို/ပို့အကူအညီအတွက် သင် အရည်အချင်းပြည့်မီနိုင်ပါသည်။ အဆိုပါ ချိန်းဆိုချက်သည်လည်း Apple Health က ကျခံပေးသော ဝန်ဆောင်မှုများအတွက် ဖြစ်ရမည်။ သယ်ယူပို့ဆောင်ရေး သို့မဟုတ် သင့်ဒေသရှိ ဆရာဝန်တစ်ဦးကို ရှာဖွေရန် အကူအညီလိုအပ်ပါက 1-800-562-3022 သို့ ဖုန်းခေါ်ဆိုပါ။ နောက်ထပ်သော အချက်အလက်များအတွက် **hca.wa.gov/transportation-help** တွင် လည်းပတ်ကြည့်ရှုပါ။

HCA သည် သက်ဆိုင်ရာ ဖယ်ဒရယ် နှင့် Washington ပြည်နယ် ပြည်သူ့ အခွင့်အရေးဆိုင်ရာ ဥပဒေများကို လိုက်နာပြီး ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများကို တန်းတူ ညီမျှသော အခွင့်အလမ်းဖြင့် ထောက်ပံ့ပေးသွားရန် ကတိကဝတ်ပြုထားပါသည်။ အကယ်၍ နေရာချစီစဉ်ဆောင်ရွက်ပေးမှု တစ်ခုအား သင် လိုအပ်လျှင် သို့မဟုတ် စာရွက်စာတမ်းများကို အခြား ပုံစံ သို့မဟုတ် ဘာသာစကားဖြင့် သင် လိုအပ်ပါလျှင် ကျေးဇူးပြု၍ 1-800-562-3022 (TRS - 711) သို့ ဖုန်းခေါ်ဆိုပါ။

